## ၁။ တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

နောင်သခေါကျေးရွာသည် ပင်းတယမြို့နယ် မြောက်ဘက် (၅.၅)မိုင်အကွာတွင် တည်ရှိပြီး ပင်းတယမြို့နှင့်သွားလာရလွယ်ကူသည်။ကျေးရွာသည် ကုန်းမြင့်ဒေသတွင်တည်ရှိပြီး အဓိက အသက်မွေးဝမ်း ကျောင်းလုပ်ငန်းမှာ စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများဖြစ်သည်။ မိုးရာသီကာလတွင် စိုက်ပျိုးရေးအတွက် အသင့်အတင့် အထောက်အကူပြုသည့် ကျေးရွာတည်ရှိရာသည် ကုန်းမြင့်ပိုင်းတွင် တည်ရှိပြီး ရေကြီးရေလျှံများ ကင်းလွတ်ပါသည်။ကျေးရွာအနီးတွင် သစ်တောများနှင့် သီနှံစိုက်ခင်းများ ၊လယ်ကွင်းများ နှင့် ဇော်ဂျီချောင်းလည်း ရှိပါသည်။မြေပြင်အနေအထားမှာ ကုန်းမြင့်ဒေသနှင့် မြေပြန့်ဖြစ်သည်။လယ်ယာမြေများ သည် စပါး၊ပဲပုတ်၊ကြက်သွန်ဖြူ၊မုန်ညင်း၊ဂျုံ၊ခရမ်းချဉ်သီး၊အာလူး၊ငရုပ်သီး၊ကြက်သွန်နီ၊ပဲတောင့်၊ပဲစင်းငုံ၊ ပြောင်းနှင့် ပန်းနှမ်းတို့ကို အဓိကထား စိုက်ပျိုးကြသည်။မြေနိမ့်ပိုင်းမှာ တစ်ခါတစ်ရံ ရေကြီးဒဏ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများ ကြုံတွေ့ရတတ်သည်။ကျေးရွာ၏ အနောက်ဖက်တွင် စိုက်ခင်းများ၊သစ်တောများ ၊အင်းယားကန်နှင့် တပ်ကြီးကျေးရွာတို့ရှိပါသည်။ရွာ၏ မြောက်ဖက်တွင် စိုက်ခင်းများ၊ဘုန်းတော်ကြီးကျောင်း၊ ဘုရားစေတီများနှင့် အင်လုံရွာ ရှိပါသည်။ရွာ၏ အရှေ့ဖက်တွင် လယ်စိုက်ကွင်းများ ဇော်ဂျီချောင်းနှင့် ထိုးပုံကျေးရွာ ရှိပါသည်။ရွာ၏ တောင်ဘက်တွင် စိုက်ခင်းများနှင့် တောင်ရွှေပုထိုး ကျေးရွာရှိပါသည်။

## ၂။ ရာသီဥတု နှင့် သဘာဝအရင်းအမြစ်

ကျေးရွာသည် အအေးပိုင်းဒေသဖြစ်ပြီး ရာသီဥတုကောင်းမွန်ပါသည်။ သို့သော် သစ်တော များပြုန်းတီးလာမှုကြောင့် ရာသီဥတုဖောက်ပြားတတ်ပါသည်။ သဘာဝရင်းမြစ်များအနေဖြင့် လယ်ယာမြေ အသင့်အတင့်ရှိကြပြီး ကုန်းမြင့်ဒေသတစ်ဝက်နှင့် မြေပြန့်ဒေသ အချို့ဖြစ်ကာ မြေဆီအသင့်အတင့် ကောင်းမွန်သည်။ ကျေးရွာတွင် သဘာဝ သယံဇာတ မထွက်ပါ။တောင်သူအချို့မှာ လယ်မြေဧက(၅၀.၂)ခန့် ကိုသာ ဇော်ဂျီရေဖြင့် စပါးစိုက်ပျိုးပြီး စပါးရိုက်ပြီးချိန်တွင် ခရမ်းချဉ်၊ကြက်သွန်ဖြူ၊မုန်ညင်း၊ပဲသီး စသည့်သီးနှံများ စိုက်ကြသည်။မြေဆီအသင့်အတင့်ရှိသဖြင့် အထွက်နှုန်းပုံမှန်ရှိသည်။တောင်ယာတွင် ပဲစင်းငုံ၊တောင်ယာစပါး၊ယာမြေဆီအားနည်းသဖြင့် သီးနှံအထွက်နှုန်းလျော့သည်။စပါးနှင့် ကြက်သွန်ဖြူကို အဓိက စိုက်ပျိုးကြသည်။ထွန်ယက်စိုက်ပျိုးနိုင်သည့် ဧက ၁၀၇ ဧက ရှိပြီး စပါး၊ပဲပုတ်၊ကြက်သွန်ဖြူ၊ မုန်ညင်း၊ဂျုံ၊ခရမ်းချဉ်သီး၊အာလူး၊ငရုပ်သီး၊ကြက်သွန်နီ၊ပဲတောင့်၊ပဲစင်းငုံ၊ ပြောင်းနှင့် ပန်းနှမ်းတို့ကို စိုက်ပျိုးကြသည်။

## ၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ

ကျေးရွာတွင် လူမှုရေးဆိုင်ရာ အဖွဲ့အစည်း (၂)ဖွဲ့ရှိသည်။စိတ်တူကိုယ်တူအဖွဲ့သည် အမျိုးသမီးများ ဖွဲ့စည်းထားပါသည်။အစည်းအဝေးပုံမှန်ဆောင်ရွက်ကြပြီး စာရင်းဇယားများလည်း စနစ်တကျပြုစုနိုင်ပါသည်။ စိုက်ပျိုးရေး၊လူမှုရေး ၊ကျန်းမာရေးအတွက် အတိုးသက်သက်သာသာနှင့် ချေးယူနိုင်သည်။သမအဖွဲ့မှလည်း အတိုးသက်သာစွာဖြင့် ချေးငွေရနိုင်ပါသည်။အသင်းသားများလည်း ညီညွတ်မှုရှိသည်။ကျေးရွာတွင် ဖွံ့ဖြိုးရေး အတွက် ဆောင်ရွက်ပေးနေသော အဖွဲ့အစည်းမှာ စိုက်ပျိုးရေးဘဏ်၊အသေးစားချေးငွေတို့ရှိပါသည်။ပရဟိတ လုပ်ငန်းမှာ ဆရာတော်များ၏ ဦးဆောင်မှုဖြင့် ကျေးရွာသားများ ပါဝင်ကြပါသည်။

## ၄။ စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ

### (က) သီးနှံ စိုက်ပျိုးရေး

ကျေးရွာတွင် စပါးနှင့်ကြက်သွန်ဖြူတို့ကို အဓိက စိုက်ပျိုးကြသည်။စပါးစိုက်ဧက (၅၀)ရှိပြီး သီးထပ်အဖြစ် ကြက်သွန်ဖြူ(၃၀)ဧကနှင့် ခရမ်းချဉ်၊မုန်ညင်း၊ပဲသီးစသည့် သီးနှံများ စိုက်ပျိုးကြသည်။

မြေဆီလွှာအသင့်အတင့်ရှိသဖြင့် အထွက်နှုန်းပုံမှန်ရှိသည်။ယာတွင် ပဲစင်းငုံ၊ပန်းနှမ်း တောင်ယာစပါးများ စိုက်ပျိုးကြပြီး မိုးတွင်းကာလတွင်သာ စိုက်ပျိုးနိုင်သည် မြေဆီအားနည်းသဖြင့် သီးနှံအထွက်နှုန်းလျော့သည်။ လယ်မြေကို ဇော်ဂျီဆည်ရေဖြင့် မိုးကာလတွင် စပါးစိုက်ပျိုးကြပါသည်။ဇော်ဂျီဆည်ရေဖြင့် လယ်မြေဧက(၅၀) ခန့်စိုက်ပျိုးနိုင်ပါသည်။နွေရာသီတွင် ရေရရှိမှုနည်းသည်။သီးနှံအထွက်နှုန်းမှာ ရာသီဥတုပေါ်တွင် မူတည်သည်။ မိုးခေါင်ပါက အထွက်နှုန်းနည်းသ်ည ဆီးနှင့်ကျသဖြင့် ပဲစင်းငုံ၊ခရမ်းချဉ်ပင်များ ပျက်စီးမှုရှိသည်။ လယ်ယာလုပ်ငန်းတွင် စက်ကိရိယာ ပိုင်ဆိုင်မှုမရှိသည့်အိမ်များမှာ(၁)နာရီလျှင်(၃၅၀၀)နှုန်းဖြင့်ငှါးရမ်း အသုံးပြုရသဖြင့် စိုက်ပျိုးချိန်နောက်ကျခြင်း ရှိပါသည်။အချို့အိမ်များမှာ ကျွဲ၊နွား အသုံးပြု၍ ထွန်ယက်ရသည့် တောင်သူအများစုသည် လယ်ယာလုပ်ငန်းခွင်အတွက် အလုပ်သမားမလုံလောက်မှု ပြဿနာကို ရင်ဆိုင်ရတတ် ပြီး လုပ်အားခပိုမိုပေးမှ အလုပ်သမားများကို ငှါးရမ်းရရှိနိုင်ကြကာ ကုန်ကျစရိတ်မြင့်မားသည်။အချို့တောင်သူ များမှာ အလုပ်သမားရှားပါးမှုနှင့် ကုန်ကျစရိတ်မြင့်တက်မှုတို့ကို ကျော်လွှားနိုင်ရန် စပါးစိုက်ရာတွင် ကြဲပက် စနစ်ကို သုံးကြသည်။တောင်သူများသည် တစ်ခါတစ်ရံတွင် မိုးရွာသွန်းမှု မညီမျှမှု ရင်ဆိုင်ရတတ်သည်။ ကြက်သွန်စိုက်ခင်းများတွင် ဖျက်ပိုးကျရောက်မှုကို ပိုမိုတွေ့ရပြီး ယင်းဖျက်ပိုးများသည် ပိုးသတ်ဆေးတချို့ကို ခံနိုင်စွမ်းရှိကြသဖြင့် တောင်သူများအနေဖြင့် ထိရောက်သော ဖျက်ပိုးနိုင်နှင်းရေး နည်းစနစ်ကို လိုလားနေကြ သည်။

### (ခ) မွေးမြူရေးလုပ်ငန်း

| | | | | |
|---|---|---|---|---|
| ၇ | ငွေကြေး | ရပ်ရွာအခြေပြုငွေကြေး ဝန်ဆောင်မှုများ | စိုက်ပျိုးနည်းနှင့် မြေသြဇာအသုံးပြုနည်းသင်တန်း<br>မျိုးကောင်း မျိုးသန့်<br>စိုက်မွေးအရင်းအနှီးများရရှိရန်<br>ဆောင်ရွက်ခြင်း | |
| ၈ | အစိုးရ အသိမှတ်မပြု (သက်မွေးပညာ) | အစိုးရ အသိမှတ်မပြု (သက်မွေးပညာ) | စက်ချုပ်သင်တန်း၊ခေတ်မီလက်သမား<br>ပန်ရံသင်တန်းနှင့်ပစ္စည်းပံ့ပိုးခြင်း | |

**နောက်ဆက်တွဲ(၁)**

**နောင်သခေါ ကျေးရွာ ကျေးရွာဖွံ့ဖြိုးရေးကော်မတီများစာရင်း**

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် | မှတ်ချက် |
|---|---|---|---|---|---|---|---|
| ၁ | ဦးလှအောင် | ဦးကျော်လှ | ၁၃/ပတယ(နိုင်)၀၁၀၆၀၉ | ၄၄ | ဥက္ကဋ္ဌ | ၀၉-၂၅၀၉၅၃၁၄၆ | |
| ၂ | ဦးဝင်းတင် | ဦးအောင်ငြိမ်း | ၁၃/ပတယ(နိုင်)၀၃၃၆၄၈ | ၄၂ | အတွင်းရေးမှူး | ၀၉-၇၈၈၄၈၃၂၂၀ | |
| ၃ | ဦးဝင်းစိန် | ဦးကျော်အေး | ၁၃/ပတယ(နိုင်)၀၃၃၆၅၄ | ၃၇ | စာရင်းကိုင် | ၀၉-၇၇၈၈၇၂၈၀၂ | |
| ၄ | ဦးညွန့်မောင် | ဦးကာလု | ၁၃/ပတယ(နိုင်)၀၃၃၆၇၂ | ၄၃ | ဘဏ္ဍာရေးမှူး | ၀၉-၇၈၈၃၃၄၀၉၂ | |
| ၅ | ဦးအောင်ကောင်း | ဦးအောင်ရှိုင်း | ၁၃/ပတယ(နိုင်)၀၄၀၉၄၅ | ၃၅ | သော့ကိုင် | ၀၉-၂၅၃၄၄၂၃၉၈ | |
| ၆ | ဒေါ်စန်းကြည် | ဦးကျော်စိန် | ၁၃/ပတယ(နိုင်)၀၃၃၆၅၂ | ၃၃ | အဖွဲ့ဝင် | | |

| စဉ် | ပြဿနာ | အကြောင်းအရင်း | အခြေနေကောင်းများ | အဟာန့်တားနှင့် စိန်ခေါ်မှု | ဖြေရှင်းမှုနည်းလမ်းများ | အဆိုပြုစီမံချက်လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၁ | စပါးအထွက်နဲခြင်း၊မွေးမြူရေးမအောင်မြင်ခြင်း | ပိုးကျခြင်း<br>မြေဩဇာစနစ်တကျ<br>မသုံးတတ်ခြင်း<br>မျိုးမကောင်းခြင်း<br>အရင်းအနှီးများအတွက်အခက်အခဲရှိခြင်း | | | နည်းပညာ<br>မျိုးကောင်းမျိုးသန့်နှင့်အရင်းအနှီးများရရှိပြီးလုပ်ငန်းများပိုမိုအောင်မြင်စေရန်ဌာနဆိုင်ရာများနှင့်ချိတ်ဆက်မည် | စိုက်ပျိုးနည်းနှင့်<br>မြေဩဇာအသုံးပြုနည်းသင်တန်း<br>မျိုးကောင်း မျိုးသန့်<br>စိုက်မွေးအရင်းအနှီးများရရှိရန်<br>ဆောင်ရွက်ခြင်း |
| ၂ | အလုပ်အကိုင်ရှားပါးခြင်း<br>ဝင်ငွေနည်းပါးခြင်း | ဝင်ငွေလုပ်ငန်း<br>အတွက်နည်းပညာ<br>မရှိခြင်း | သင်တန်းတက်ရန်<br>လူငယ်များရှိသည် | နည်းပညာမသိ | အရင်းအနှီးခေတ်မီပစ္စည်းနည်း<br>ပညာများရရှိအောင်<br>ဆောက်ရွက်သွားမည် | စက်ချုပ်သင်တန်း၊<br>ခေတ်မီလက်သမား<br>ပန်ရံသင်တန်းနှင့်ပစ္စည်းပံ့ပိုးခြင်း |
| ၃ | လူငယ်များအားကစား<br>ဆိုင်ရာစွမ်းရည်ကျဆင်း<br>ခြင်းအချိန်ဖြုန်းတီးခြင်း<br>ကိုယ်ကာယကြံ့ခိုင်မှု<br>မရှိခြင်း | လူငယ်များအတွက်<br>အားကစားဆိုင်ရာ<br>ပစ္စည်းများမရှိခြင်း | လူငယ်များရှိခြင်း | | လူငယ်များကိုယ်ကာယ<br>ကျန်းမာကြံ့ခိုင်းပြီးအာကစား<br>စွမ်းရည်မြင့်လာစေရန်အတွက်<br>ဆောင်ရွက်မည် | လူငယ်များအတွက်အားကစား<br>ပစ္စည်းများပံ့ပိုးခြင်း |
| ၄ | ကျောင်းသားများ<br>စာသင်ရန်ခက်ခဲ | ကျောင်းဆောင်းမလုံ<br>လောက်ခြင်း | | | ကျောင်းသားများကောင်းမွန်<br>စွာစားသင်ကြားနိုင်ရန်အတွက်<br>အဆောက်အဦးလုံလောက်မှုရှိ<br>စေရန်ပညာရေးဌာနနှင့်<br>ချိတ်ဆက်ခြင်း | ကျောင်းဆောင်သစ်တိုးချဲ့ခြင်း |

